စစ်ကုန်းကျေးရွာ

ကျုံရှအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စစ်ကုန်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ ၂၀၂၂

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၁

စကားချီး ၁

စစ်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဇလွန်မြို့နယ် ၂

စစ်ကုန်းကျေးရွာရာသီခွင်ပြက္ခဒိန်၊ဇလွန်မြို့နယ် ၃

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၇

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၅
(၈) ဦးစားပေးစီမံချက်များနှင့်၎င်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၇
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၂
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၂၄
(၁) **လူမှုစီးပွားရေးအခြေအနေ**
ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၂၇
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၂၈
ဇယား ၃ လုပ်ငန်းနှင့် ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၃၄
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၅
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ ၃၆
ဇယား ၆ ဥစ္စာခနေအဆင့်အခြေအနေ ၃၇

ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၃၈
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၃၉
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ ၃၉
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု ၄၂
(၂) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၄၃
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၄၅
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၄၆
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၄၇
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၄၈
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၄၉
ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ၅၀
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၅၁
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၅၂
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၅၃
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ၅၅
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၅၈
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၅၉
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ ၆၀
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း ၆၁
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ ၆၂
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ ၆၂
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၆၄
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၆၆
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်**အဆင့် စာတတ်မြောက်မှုနှုန်း** ၆၇
ဇယား ၃၁ ကျောင်း**တက်**နှုန်း ၆၈
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေ**နှင့်ဝန်ဆောင်မှုများ** ၆၈
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ ၆၉
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၇၀

ဇယား ၃၅ **လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု** ၇၁
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၇၁
ဇယား ၃၇ သောက်သုံးရေရရှိမှု ၇၃
ဇယား ၃၈ **အိမ်သာအမျိုးအစား** ၇၄
ဇယား ၃၉ **ကျား-မ ရေးရာ** ၇၄
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၇၆
ဇယား ၄၁ ကျေးရွာ၏ **တံတားတည်ရှိမှု** ၇၇
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၇၈
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၇၉
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၇၉
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၈၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၈၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၈၂
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၈၃
**နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ )** ၆၇

**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၉/၂၀ဘဏ္ဍာရေးနှစ်မှ၂၀၂၃/၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည် ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာလ၊၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စစ်ကုန်းကျေးရွာ
ဇလွန်မြို့နယ်

## စစ်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | စိုက်ပျိုးရေး လယ်ယာ (ယာ) | ထွန်ရေးပြင် | ထွန်ရေးပြင် စပါးကျဲ | စပါးကျဲ | ပေါင်းရှင်း မြေဩဇာကျွေး | ပေါင်းရှင်း မြေဩဇာကျွေး | မြေဩဇာကျွေး | စပါးရိတ် | မတ်ပဲ၊ ပဲတီစိမ်း စိုက် | စပါး၊ လော်၊ ပဲခင်း ပေါင်းမှုန်း | စပါး၊ လော်၊ ပဲခင်း ပေါင်းမှုန်း | ပဲနှုတ် | ပဲသိမ်း |
| ၃ | ကိုင်းမြေ | ငရုပ်ပေါ် | ငရုပ်ပင်တူး | ငရုပ်ပင်တူး | ကိုင်းခုတ် | ပေါင်းရှင်း | ငရုပ်စေတင်ပျိုး | ငရုပ်+ပြောင်းစိုက် | ငရုပ်+ပြောင်း ရေတင် ပေါင်းရှင်း | ငရုပ်+ပြောင်း ရေတင် ပေါင်းရှင်း | ငရုပ်ပေါ် | ပြောင်းပေါ် | ပြောင်းဖူးပေါ် |
| ၄ | ကျန်းမာရေး | အပူလွန် | အပူလွန် | အပူလွန် | [illegible] | [illegible] | အအေးမိ နှာစေး၊ ချောင်းဆိုး | နှာစေး၊ ချောင်းဆိုး | နှာစေး၊ ချောင်းဆိုး | နှာစေး၊ ဖျားဖိတ်၊ ချောင်းဆိုး | အအေးမိ နှာစေး | အအေးမိ ဖျားနာ | အပူလွန် |
| ၅ | ဝင်ငွေ/ထွက်ငွေ | ၃/၁ | ၂/၁ | -/၂ | -/၂ | -/၂ | -/၂ | -/၂ | -/၂ | ၃/၂ | ၂/၂ | ၃/၁ | ၄/- |
| ၆ | သဘာဝဘေး အန္တရာယ် | | | | ရေကြီး၊ မြေပြို | ရေကြီး၊ လေကြီး | ကမ်းပြို | မိုးကြီး၊ လေကြီး | | | | | |
| ၇ | ဝမ်းစာဖူလုံမှု | ပေါများ | ပေါများ | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | ပေါများ | ပေါများ | ပေါများ |
| ၈ | ပွဲတော် | ဂူဟန်းစံ အလှူပွဲ | ရှင်ပြု အလှူပွဲ | စာရေးတော်ပွဲ | ဝါဆိုသင်္ကန်းကပ် | | | ကထိန် | ကထိန် | | [illegible] | ထမနဲပွဲ | ဗုဒ္ဓပူဇော် ယပ်ပွဲတော် |

ရက်စွဲ - ၂၂.၈.၂၀၂၂

ရေးဆွဲသူ - မစန္ဒာလင်း


ကျေးလက်ဒေသ သယံဇာတပြမြေပုံ စစ်ကုန်းကျေးရွာ
ညွှန်းချက်
2 လှည်းလမ်း
5 VDP
6 စာသင်ကျောင်း
7 ဘုန်းတော်ကြီးကျောင်း
8 ဘုရားစေတီ
9 ပဲစိုက်ခင်း
12 သစ်အိမ်
14 အမျိုးသမီးဦးဆောင်သောအိမ်
လှည်းလမ်း
စာသင်ကျောင်း
ဘုန်းတော်ကြီးကျောင်း
ဘုရားစေတီ
ရက်စွဲ - ၂၂.၈.၂၀၂၂
ရေးဆွဲသူ - ဦးစိုးဝင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန်အရေးကြီး ကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဒေသတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

## (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

စစ်ကုန်းကျေးရွာသည် ရွာတန်းရှည်ပုံစံဖြစ်ပြီး ဇလွန်မြို့၏တောင်ဘက်တွင် တည်ရှိပါသည်။ မိုးရာသီတွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်းရာသီဥတုအသင့်အတင့်ရှိသဖြင့် ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင်မွေးမြူ ရေးကျပန်းအလုပ်တို့ဖြစ်ပါသည်။ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ(၃၈)အထက်ရှိပြီး လယ်မြေများကိုစပါး၊မတ်ပဲနှင့်ငရုပ်တို့ကိုအဓိကစိုက်ပျိုးပြီးအသက်မွေးဝမ်းကျောင်းပြုကြပါသည်။

## (ခ) သဘာဝအရင်းအမြစ်

စစ်ကုန်းကျေးရွာတွင် ဇလွန်မြို့နှင့်နီးသောကြောင့်ကျေးရွာ လမ်းပန်းဆက်သွယ်ရေး၊တည်ဆောက်ရေး လုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံဇာတများ၊သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိပါ။လယ်လုပ်ငန်းအတွက် နွားအသုံးပြုမှုမရှိသလောက်နည်းပါးပါသည်။စက်များကိုသာအသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူငှားရမ်းအသုံးပြုနိုင်ကြပါသည်။ဆိတ်၊ဝက်၊နွား၊မြင်းများမွေးမြူသော်လည်း စားကျက်မြေများလည်းမရှိပါ။ စစ်ကုန်းကျေးရွာတွင် တွေ့ရသောဆေးဘက်ဝင်အပင်များမှာ ကျိတ်မှန်ပင်၊ ငွေးတောက်ပင်၊ ဒန့်ဒလွန်ပင်၊ ပင်စိမ်းပင်၊ ဆင်တုံးမနွယ်ပင်တို့ဖြစ်ပါသည်။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က)လူဦးရေဆိုင်ရာအချက်အလက်များ

စစ်ကုန်းကျေးရွာတွင် အိမ်ခြေ(၆၅)အိမ်၊အိမ်ထောင်စု(၆၇)နှင့်လူဦးရေ(၃၀၉)ဦး၊ ကလေးငယ်အရွယ်(၉.၂)%၊ကျောင်းနေအရွယ်(၁၃.၉)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၄.၄)%၊ သက်ကြီးရွယ်အို(၂.၅)% ရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်လျော့နည်းသည်။ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်။ကျေးရွာတွင်အမျိုးသား(၁၄၀)ဦး၊ အမျိုးသမီး(၁၆၉)ဦးရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိသောကြောင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ကိုင်းစိုက်ပျိုးရေးကိုအများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေးတစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင်ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၆၈)%၊ကိုင်းလုပ်ငန်းများတွင် ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ(၃၀)%၊ပညာရေးဝန်ထမ်းလုပ်ကိုင်သူ(၂)%လည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။စစ်ကုန်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာလယ်မြေဧက(၁၀၅)ဧက၊ကိုင်းမြေဧက(၄၀)ဧက၊ စုစုပေါင်း လယ်၊ကိုင်း၊မြေပိုင်ဆိုင်းမှုဧက(၁၄၅)ဧကဖြစ်ကြောင်း၊ လယ်မြေ၊ကိုင်းမြေ၊ ဓနိတောမြေ၊ စားကျက် မြေ၊မြေလွတ်မြေလပ်များ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာ၏ ဥစ္စာဓနအဆင့်မှာအဆင်ပြေသောအိမ်ထောင်စု(၅)အိမ်(၇.၅%)၊အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၂)အိမ်(၄၇.၈%)၊ ဆင်းရဲသောအိမ်ထောင်စု(၂၂)အိမ်(၃၃%)၊အလွန်ဆင်းရဲသောအိမ်ထောင်စု(၈)အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းအဓိက လုပ်ကိုင်ကြပြီး (၂.၅)ဧကနှင့်(၅)ဧကကြားပိုင်ဆိုင်သူနှင့်(၁၀)ဧက အထက်ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ လယ်လုပ်ငန်း

သုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊ငန်းသုံးထွန်စက်ငယ်များ ပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်းနှင့်လုပ်သားအလုပ်သမားအဖြစ် အဓိကလုပ်ကိုင်ကြပြီး (၅)ကေနှင့်(၁၀)ကေကြား လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ် ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာရာသီအလိုက်နေ့စားကျပန်းလုပ် ကိုင်ကြသောမြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာတွင် အိမ်ထောင်စု(၆၇)အနက် မြေယာမဲ့အိမ်ထောင်စု(၂၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် လယ်လုပ်ငန်းကိုအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာတစ်ဦးချင်းပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၇)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၁)စီး၊ခြွေလှေ့စက်(၃)စီး၊စုပ်စက်(၂၇)စီးဖြစ်ပါ သည်။ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ ထွန်စက်တို့အားငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၁၅)အိမ်ရှိကြောင်း၊ရိတ်သိမ်းခြွေလှေ့စက်ငှားရမ်းလုပ်ကိုင်သောအိမ်ထောင်စု၊ခြွေလှေ့စက်အားငှားရမ်းလုပ်ကိုင်သောအိမ်ထောင်စုအရေအတွက်(၁၉)အိမ်ရှိကြောင်း၊ရေစုပ်စက်အားငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၂၀) အိမ်ရှိကြောင်း၊ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက်ရွာပိုင်၊ အဖွဲ့ပိုင်စက်ကိရိယာများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

စစ်ကုန်းကျေးရွာရှိအိမ်ထောင်စုပေါင်း(၆၇)အနက်(၃)လနှင့်(၆)လကြားဝမ်းစာဖူလုံအမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုမှာ(၁၄)အိမ်ရှိကြောင်း၊လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စုအနည်းငယ်သာရှိပြီး (၆)လမှ(၁၂)လအထိ ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုတင်ထုတ်ယူရသောအိမ်ထောင်စု(၈)အိမ်ရှိကြောင်းလေ့လာတွေ့ရှိရပါ သည်။

စစ်ကုန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့်သက်ကြီးရွယ်အို(၆၄)နှစ်နှင့် အထက်(၅၁)ဦး၊မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စု(၂)အိမ်ထောင်စုရှိကြောင်း၊ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု၊ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသောဆင်းရဲသည့်အိမ်ထောင်စုများမရှိသောကြောင့်ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသောအုပ်စုများမရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် Covid-19 ရောဂါအနည်းငယ်ကူးစက်မှုရှိကြောင်း၊အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊မပြေလည်သော အိမ်ထောင်စုများမှာ (၃)လနှင့်(၆)လကြား စားနပ်ရိက္ခာမဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရ သည့်အခြေအနေမျိုးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်ကုန်ကျေးရွာသည်ဇလွန်မြို့၏ တောင်ဘက်တွင် တည်ရှိသောကျေးရွာဖြစ်ပြီး ကုန်းလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ)ရှားပါးမှု၊မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ပြင်းထန်သောမုန်တိုင်း၊လျှော်ဒဏ်၊မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှု ရောဂါ၊ ကျေးရွာတွင်းပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်း၊လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စုကဏ္ဍ အလိုက်ခွဲခြားသတ်မှတ်ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း၊လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက်ရောက်မှုအနည်းအကျဉ်းသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

စစ်ကုန်းကျေးရွာတွင်သာမန်ရာသီဖျားရောဂါများမှလွဲပြီးအခြားရောဂါဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါ ဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်းပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ကျေးရွာနှင့် (၇)မိုင်ခန့် ဇလွန်မြို့နယ်ပြည်သူ့ဆေးရုံကြီးရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကောင်းစွာရရှိပြီး အဆင်ပြေမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့်အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် Covid-19 ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ဇလွန်မြို့နှင့် အလှမ်းမကွာလှသောကြောင့် ကျန်းမာရေးနှင့်ပတ်သက်ပြီးခက်ခဲမှုမရှိဘဲအဆင်ပြေကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၅)ဦး၊မ(၉)ဦး၊စုစုပေါင်း(၁၄)ဦး၊(၅)%ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေကျား(၂၈)ဦး၊မ(၃၁)ဦး၊စုစုပေါင်း(၅၉)ဦး၊(၁၉)% ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေကျား(၆၉)ဦး၊မ(၇၈)ဦး၊ စုစုပေါင်း(၁၄၇)ဦး၊(၄၈)%ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေကျား(၃၂)ဦး၊မ(၄၄)ဦး၊စုစုပေါင်း(၇၆)ဦး၊(၂၅)%ရှိကြောင်း၊တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေကျား(၆)ဦး၊မ(၇)ဦး၊ စုစုပေါင်း(၁၃)ဦး၊ (၄)%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၂၈)ဦး၊မ(၃၁)ဦး၊စုစုပေါင်း(၅၉)ဦး၊(၁၉)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၆၉)ဦး၊မ(၇၈)ဦး၊စုစုပေါင်း(၁၄၇)ဦး၊(၄၈)% ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၃၂)ဦး၊မ(၄၄)ဦး၊တက္ကသိုလ်/ ကောလိပ်အဆင့် ကျား(၆)ဦး၊မ(၇)ဦး၊စုစုပေါင်း(၁၃)ဦး၊(၄)% တို့ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**စစ်**ကျေးရွာတွင် တောင်ဘက်တွင်အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ(၁)ဦး၊ ဆရာမ(၄)ဦး၊ပေါင်း(၅)ဦးရှိပြီး ကျောင်းသားဦးရေနှင့် ဆရာ/ မဦးရေလုံလောက်မှုရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

စစ်ကုန်းကျေးရွာရှိ ကျားမရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်းကဏ္ဍနည်းပါးနေသေးကြောင်း၊ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိကြောင်း၊လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများထိုက်သင့်သလောက်အသိမြင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် လယ်လုပ်ငန်းနှင့်ကိုင်းအဓိကလုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၇၀၀၀)ကျပ်၊လုပ်အားခနှုန်းထားအနည်းဆုံးမှာ(၆၀၀၀) မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊လုပ်အားခနှုန်းထားအနည်းဆုံးမှာ (၄၀၀၀)ကျပ်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

စစ်ကုန်းကျေးရွာတွင်သီးသန့်အဖွဲ့အစည်းဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်းရှိပြီး ၎င်းအဖွဲ့အစည်းသည်ကျေးရွာတွင်းရှိလူမှုရေး၊စီးပွားရေး၊သာရေး၊နာရေးကိစ္စရပ်များဝင်ပါဝင်ဆောင်ရွက်ကြပါသည်။ကျေးရွာသူကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ဘာသာရေးလုပ်ငန်းများကိုစိတ်အားထက်သန်စွာဆောင်ရွက်ကြပါသည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

စစ်ကုန်းကျေးရွာတွင် စီးပွားရေး၊ပညာရေး၊ဘာသာရေး၊နာရေးကိစ္စအရပ်ရပ်ကို လူကြီးလူငယ်ကျား၊ မ အားလုံးပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရှိပါသည်။ကျေးရွာတစ်ရွာလုံးသည် မြန်မာလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း(၂)ကျောင်း၊ဘုရားစေတီပုထိုးများလည်းရှိပါသည်။ကျေးရွာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် ကျေးရွာအတွင်းထည့်ဝင်ငွေများ အလှူရှင်များပူးပေါင်းပြီး ကျေးရွာလမ်းမကြီးကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ကျေးရွာလမ်းကောင်းမွန်ရေး၊ကျန်းမာရေး၊လူမှုရေး၊စီးပွားရေးနှင့်ဘာသာရေးများ အလွန်တိုးတက်ပြောင်းလဲမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။စစ်ကုန်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးနှင့်ကိုင်းကိုအဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် မိုးစပါးများစိုက်ပျိုးရန်အတွက် လယ်ယာလုပ်ငန်းခွင်ဝင်ကြရပါသည်။

မိုးစပါးကိုအောက်တိုဘာလတွင်သိမ်းပြီး၊မိုးစပါးများ သိမ်းဆည်းပြီးပါက မတ်ပဲကို ဆက်လက်စိုက်ပျိုးကြရပါသည်။မိုးစပါးအထွက်နှုန်းမှာ တစ်ဧကလျှင်ပျမ်းမျှ(၆၀)မှ(၈၀)တင်းကြားထွက်ရှိပါသည်။ မတ်ပဲအထွက်နှုန်းမှာ တစ်ဧကလျှင်ပျမ်းမျှ (၂၀) တင်းနှုန်းထွက်ရှိပါသည်။ စစ်ကုန်းကျေးရွာသည် ဇလွန်မြို့နှင့်နီးပြီး လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် ဒေသထွက်ကုန်များကို ရောင်းချရာတွင် အဆင်ပြေမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်မြေကို ကောင်းစွာအသုံး ချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြား ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောသွင်းအားစုရေကို အဝီစီတွင်းများမှတိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ်မြေ များမှမြေဆီလွှာကောင်းမွန်ပါသည်။

စစ်ကုန်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုမှာနွားမွေးမြူသော အိမ်ထောင် စု(၁၀) အိမ်အကောင်ရေ(၂၁)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၅)အိမ် အကောင်ရေ(၁၉)ကောင်၊ ဆိတ်မွေးမြူသောအိမ်ထောင်စု(၁)အိမ်အကောင်ရေ(၅)ကောင်၊ မြင်းမွေးမြူသော အိမ်ထောင်စု(၃)အိမ် အကောင်ရေ(၅)ကောင်၊မြင်းမွေးသော အိမ်ထောင်စု(၄)အိမ်အကောင်ရေ(၁၂)ကောင် ကျွဲ၊မြည်း၊ လား၊ သိုး၊မွေးမြူသောအိမ်ထောင်စုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာတွင် ကြက်၊ ဘဲ၊ မွေးမြူရေးကဏ္ဍတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ်ပါ။

စစ်ကုန်းကျေးရွာ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ် ဘဲတစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

စစ်ကုန်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ကိုင်းကို အများဆုံးလုပ်ကိုင်ကြပြီးမိသားစု အပိုဝင်ငွေရရှိရေး တစ်ပိုင်တစ်နိုင်ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ရာသီအလိုက်လယ်ယာလုပ်ငန်းခွင် တွင်ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ဖောကာမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီအငှားလိုက်ခြင်း၊ ပန်းရံလုပ်ငန်းခြင်း၊ လက်သမားလုပ်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်ယာမြေနှင့်ကိုင်းလုပ်ငန်း အဓိကလုပ်ကိုင်သူ(၄၁)ဦး၊(၁၃)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ(၁၆)ဦး (၅)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်း လုပ်ကိုင် သူနှင့်ပညာရေးဝန်ထမ်းလုပ်ကိုင်သူ(၂)%လည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စစ်ကုန်းကျေးရွာသည် ဇလွန်မြို့၏တောင်ဘက်တွင် တည်ရှိသောကျေးရွာဖြစ်သော်လည်း ကျေးရွာနှင့်ဇလွန်မြို့သို့ တိုက်ရိုက်မော်တော်များ၊ မော်တော်ဆိုင်ကယ်များ အချိန်မရွေးပြေးဆွဲနေသောကြောင့်ကျေးရွာ၏ ဒေသထွက်ကုန်များအားရောင်းချရန် ဈေးကွက်ကောင်းရှိပါသည်။စစ်ကုန်းကျေးရွာသည် ဇလွန်မြို့နှင့်(၇)မိုင်အကွာတွင် ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ဝင်ငွေတိုးပွားမှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

စစ်ကုန်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက်ရှိသော အမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သဘာဝမြေသြဇာသုံးစွဲမှုနည်းပါးပြီးအလွယ်တကူ အသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ရှိကြောင်း၊ စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

စစ်ကုန်းကျေးရွာတွင်လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသူများရှိကြောင်း မည်သည့်ချေးငွေမှသုံးစွဲခြင်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာသားအများစုသည်ချေးငွေကိုအဓိကအားဖြင့်ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရအကြွေးတင်ရှိမှုနည်းပါးကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

စစ်ကုန်းကျေးရွာ၏ သောက်သုံးရေရရှိမှုမှာ ကိုယ်ပိုင်တုံကင်တွင်း (စက်တပ်) အသုံးပြုသူအိမ်ထောင်စု(၅၀)အိမ်ရှိကြောင်း၊ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူအိမ်ထောင်စု(၁၇) တုံကင်တွင်းမှ နွေ၊မိုး၊ ဆောင်း၊ရာသီသုံးပါးစလုံးသောက်သုံးရေအတွက်လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ လေ့လာတွေ့ရှိရပါသည်။ စစ်ကျေးရွာသည် တစ်ရွာလုံးရေလောင်း/ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲကြကြောင်းလေ့လာတွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့်ယဉ်ကျေးမှု

စစ်ကုန်းကျေးရွာတွင်းရှိ လူငယ်များသည်သာရေး၊နာရေးနှင့်ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သော သူများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့်ဘုရားပွဲ၊ကထိန်ပွဲများကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ်ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့်ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဧ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

စစ်ကုန်းကျေးရွာ၌ရွာတွင်းလမ်း (၁၉၇၀ပေ)အတိုင်းအတာရှိကွန်ကရစ်လမ်းရှိပါသည်။

စစ်ကုန်းကျေးရွာအတွင်းတွင်မည်သည့်တံတားမှမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည်လက်ရှိတွင် ရွာတွင်းလမ်း(၁၉၇၀’x၆’x၄”)ဖြင့်ခင်းထားသော်လည်း စိုက်ပျိုးရေးနှင့်ထုတ်ကုန်များပို့ဆောင်ရာတွင် သွားလာ၍မရရှိနိုင်ကြောင်း၊ အရေးပေါ်မီးသတ်ကားများ လည်းဝင်ရန်ခက်ခဲသောကြောင့် လမ်းအဆင့်မြင့်တင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိမည် ဆိုပါက မိမိတို့ကျေးရွာလည်းအကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှ ငွေကြေးမတတ် နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါကကျေးရွာမှလည်း တတ်အားသရွေ့လူအင်အား၊ငွေအင် အားတို့ထည့်ဝင်၍အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေး အတွက်ဖုန်း(၄၇) လုံး၊ရေဒီယို(၃)လုံး၊တီဗွီ(၄၁)လုံး၊ ဂြိုလ်တုစလောင်း(၂)လုံး အင်တာနက်အသုံးပြုသော အိမ်ထောင်စု (၄၀)အိမ်ဖြင့်အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ် ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက်(၇)မိုင်ကွာဝေးသော အနီးဆုံးဈေး “ဇလွန်ဈေး’သို့သွားလာကြပြီးစားသောက်ကုန်(ကုန်စိမ်း၊ကုန်ခြောက်)၊မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ စစ်ကုန်းကျေးရွာ သည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက်(၁၄)မိုင်အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ကား /ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

စစ်ကုန်းကျေးရွာတွင်လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ် သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည်ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင်အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာအကူအညီရယူနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ**

စစ်ကုန်းကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး ဇလွန်မြို့နှင့်နီးသောကြောင့် ဇလွန်ပြည်သူ့ဆေးရုံကြီးတွင် သွားရောက်ကုသနေကြသဖြင့် အခက်အခဲမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

စစ်ကုန်းကျေးရွာတွင် အရံမီးသတ်အဖွဲ့၊ပရဟိတအဖွဲ့နှင့်ရပ်မိရပ်ဖအဖွဲ့တို့ရှိပြီးအမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက်ပါဝင်လုပ်ဆောင်ကြပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

စစ်ကုန်းကျေးရွာသည် စိုက်ပျိုးရေးနှင့်ကိုင်းကို အဓိကထားလုပ်ကိုင်နေကြသော်လည်း စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူနည်းပါးပြီး ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုနည်းပါးသော ကြောင့် ကျေးရွာတွင်းလမ်းကို အဆင့်မြှင့်တင်ရန် စုဆောင်းငွေနည်းပါးပြီး အခက်အခဲရှိသောကြောင့် သက်ဆိုင်ရာမြို့နယ်ဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှသာ ကောင်းမွန်သောလမ်းများဖြစ်လာနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

စစ်ကုန်းကျေးရွာသည် ရွာတွင်းလမ်းမှာကွန်ကရစ်လမ်း(၁၉၇၀ပေ)ခင်းထားသော်လည်း လမ်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ထုတ်ကုန်ပို့ဆောင်းရေးယဉ်ကြီးများ ရာသီမရွေးသွားလာရန်ခက်ခဲကြောင်းလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် လူမှုရေး၊ကျန်းမာရေး၊ပညာရေးစသည့် ဗဟုသုတရရှိမည့် စာကြည့်တိုက်အဆောက်အဦးနှင့် လူမှုဝန်ထမ်းပရဟိတအဖွဲ့ အသုံးအဆောင်ပစ္စည်းများထားရှိရန် ပရဟိတအဆောက်အဦများ သက်ဆိုင်ရာဌာနဆိုင်ရာများက လာရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဆိုပါကကျေးရွာ ထည့်ဝင်ငွေမှာ လည်းလုံလောက်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က)**ဖွံ့ဖြိုးရေးပန်းတိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

(က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည်ကွန်ကရစ်လမ်း၂(၁၇၀၀’x၂’x၆”)လမ်းအားပြုလုပ်ဆောင်ရွက်နိုင်ရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်ကျန်းမာရေးဝန်ထမ်းရရှိရေးဆောင်ရွက်နိုင်ရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် စာကြည့်တိုက်တည်ဆောက်နိုင်ရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် ပရဟိတအဆောက်အဦတည်ဆောက်နိုင်ရမည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် ရေသန့်တွင်းတည်ဆောက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်–

(ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကွန်ကရစ်လမ်း၂(၁၇၀၀'x ၂'x ၆")လမ်းအားဆောင်ရွက်နိုင်ရေး အတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းပြည်သူထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

(ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်ကျန်းမာရေးဝန်ထမ်းရရှိမည်ဆိုပါက မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ပြီး ကျေးရွာမှပြည်သူထည့်ဝင်ငွေဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင် ရွက်သွားပါမည်။

(ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင်စာကြည့်တိုက်တည်ဆောက်ပေးမည်ဆိုပါက မြို့နယ် သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ပြီး ကျေးရွာမှပြည်သူထည့်ဝင်ငွေဖြင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်သွားပါမည်။

(ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် ပရဟိတအဆောက်အဦကိုသက်ဆိုင်ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာမှလုပ်အားဖြင့်ပါဝင်ကူညီအကောင် အထည်ဖော်ဆောင်ရွက် သွားပါမည်။

(ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာတွင် ရေသန့်တွင်းကိုတည်ဆောက်နိုင်ရန်မြို့နယ်ကျေးလက် ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှ လုပ်အားငွေအားဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားပါ မည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ် ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော် ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျက်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

စစ်ကုန်းကျေးရွာအတွင်းရှိရွာဖြတ်လမ်း(၁၉၇၀'x၆'x၄")လမ်းမှာ ကွန်ကရစ်လမ်း ဖြစ်သော်လည်းလမ်းမှာကျဉ်းမြောင်းပြီးအချိန်မရွေးသွားလာရန် အခက်အခဲရှိသောကြောင့် ရာသီမရွေး ကျောင်းသား/ကျောင်းသူများ၊ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (ဃ) ကျန်းမာရေးဝန်ထမ်းရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာအနီးတွင် တိုက်နယ်ဆေးရုံရှိသော်လည်း ဝန်ထမ်းမရှိသည့်အတွက် ဝန်ထမ်း ဆရာဝန်၊ သူနာပြုများမရှိခြင်းကြောင့် ဆေးကုသမှုခံယူရန်အခက်အခဲရှိသဖြင့် ဝန်ထမ်းများပြန်လည်ရရှိအောင်ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာမှငွေကြေးမတတ်နိုင်သဖြင့်ပြည်သူထည့်ဝင်ငွေဖြင့် ပါဝင်ကူညီပြီး မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (င) ကျေးရွာမှစာကြည့်တိုက်ခြင်း

ကျေးရွာမှာစီးပွားရေးအဆင့်အတန်းခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့်ကျေးရွာ၏စီးပွားရေး၊လူမှုရေး၊ပညာရေး၊အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊လူငယ်လူရွယ်များဗဟုသုတများတိုးပွားစေရန် စာကြည့်တိုက်အဆောက်အဦတည်ဆောက်ရန်အတွက် ကျေးရွာမှစိတ်အားထက်သန်နေသောကြောင့်ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဘက်စုံတိုးတက်ကောင်းမွန်စေရန်မြို့နယ်သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍ ပြည်သူထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

### (ဂ) ပရဟိတအဆောက်အဦတည်ဆောက်ခြင်း

ကျေးရွာမှာလူငယ်လူရွယ်များ ဘာသာရေး၊လူမှုရေး၊သာရေး၊နာရေးများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဘက်စုံတိုးတက်ကောင်းမွန်စေရန် ပရဟိတအဆောက်အဦတည်ဆောက်ပေးမည်ဆိုပါက မြို့နယ်သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍ ပြည်သူထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ) ရေသန့်တွင်းဆောင်ရွက်ခြင်း**

ကျေးရွာတွင်လက်ရှိသုံးစွဲနေသော ရေတုံကင်များမှာ အာဆင်းနစ်ဓါတ်များပါဝင်နေသောကြောင့် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာမရရှိသောကြောင့် ရေသန့်စက်မှအိမ်ခြေ(၆၇)တွင် ရေပိုက်ခေါင်း(၁)ခုတပ်ဆင်၍သောက်သုံးရေဖူလုံစွာရရှိနိုင်ရေး ကျေးလက်ဦးစီးဌာနသို့တင်ပြ၍ကျေးရွာမှလည်း ထည့်ဝင်ငွေများဖြင့်ပူးပေါင်းဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်

သ ဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကွန်ကရစ်လမ်းခင်းခြင်း

(၂) ကျေးရွာမှကျန်းမာရေးဝန်ထမ်းရရှိရေးဆောင်ရွက်ခြင်း

(၃) စာကြည့်တိုက်တည်ဆောက်ခြင်း

(၄) ပရဟိတအဆောက်အဦတည်ဆောက်ခြင်း

(၅) ရေသန့်တွင်း/ရေသန့်တွင်းဆောင်ရွက်ခြင်း

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျန်းမာရေးဝန်ထမ်း | ၂ | | ✔ | | | |
| ၃။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | ✔ | ✔ | ✔ | ✔ |
| ၄။ | ပရဟိတအသင်းအဆောက်အဦတည်ဆောက်ခြင်း | ၄ | | | | ✔ | ✔ |
| ၅ | အဝီစီတွင်း/ရေသန့်တွင်း | ၅ | | | | ✔ | ✔ |

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖေါ်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစု ရေးဆွဲရေးအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာ-လုပ်အား၊သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | ကွန်ကရစ်လမ်းခင်းခြင်း ၂(၁၇၀၀' x၂'x၆") | | | ✔ | | |
| ၂။ | ကျန်းမာရေးဝန်ထမ်း (၅)ဦး | | | ✔ | | |
| ၃။ | စာကြည့်တိုက်တည်ဆောက်ခြင်း (၂၀'x ၁၅'x ၁၁') | | | ✔ | | |
| ၄။ | ပရဟိတအဆောက်အဦတည်ဆောက်ခြင်း ( ၃၀ x ၂၀'x၁၁') | | | ✔ | | |
| ၅ | အဝီစီတွင်း/ရေသန့်တွင်းဆောက်ရွက်ခြင်း (၄၅၀'x ၄") | | | | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုး တက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့် ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေးကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းအတွက်လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

